**ကမ္ဘာ့ဘဏ်အုပ်စု မြန်မာနိုင်ငံဆိုင်ရာ စနစ်တကျ ဆန်းစစ်လေ့လာမှုနှင့်**

**မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်**

**ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ မေလ ၁၉ ရက်၊ ၂၀၁၄**

**ပုသိမ် ဒေသဆိုင်ရာ အစိုးရ**

| **အမျိုးအစား** | **တက်ရောက်လာကြသူများထံမှ အကြံပြုချက်များ** | **မှတ်ချက်** |
|---|---|---|
| **အကြောင်းအရာ** | ဆိုရှယ်လစ် စီးပွားရေးစနစ် နှင့် တံခါးပိတ် စီးပွားရေးစနစ်ကို မိမိတို့ ဖြတ်သန်းခဲ့ရပြီး ယခု တံခါးဖွင့် စီးပွားရေးစနစ်ကို လုပ်ဆောင်နေသည်။ မိမိတို့တွင် သဘာဝအရင်းအမြစ် များစွာရှိသော်လည်း ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်နေဆဲ ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် အရေးယူ ပိတ်ဆို့မှုကို မကြာသေးခင် ကပင် ထပ်မံတိုးချဲ့ခဲ့သည်။ | |
| | စစ်တမ်း ကောက်ယူမှုများ အရ ဧရာဝတီတိုင်းသည် အဆင်းရဲဆုံး တိုင်းများ အနက် တစ်ခုဖြစ်ကြောင်း တွေ့ရသည်။ တောင်သူများအတွက် ဘဏ္ဍာရေး အကူအညီ သာမကဘဲ တောင်သူများအား မျိုးစေ့နှင့် ခေတ်မီနည်းပညာ များလည်း ပံ့ပိုးပေးရန် လိုအပ်သည်။ | |
| | လူငယ်လူရွယ်များနှင့် အောက်ခြေလူထု၏ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲ ပေးရန် လိုအပ်သည်။ | |
| | မိမိတို့၏ ပထမဦးစားပေးမှာ **စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး** ဖြစ်သည်။ သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့ရေး နှင့် စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှု သည် လွန်စွာဆက်စပ်မှု ရှိနေသည်။ ထိုအရာမရှိသည့်အတွက် မိမိတို့၏ ထွက်ကုန်များအား သယ်ယူပို့ဆောင်နိုင်ခြင်း မရှိချေ။ ဖျာပုံမြို့နယ် တွင် (၁၉၉၇ - ၁၉၉၈) ခုနှစ်က paddy 1 နှင့် paddy 2 စီမံကိန်း များ အကောင် အထည်ဖော် ခဲ့သည်။ ထိုစီမံကိန်းများကြောင့် အလုပ်အကိုင် အခွင့်အလမ်း များ သိသာစွာ တိုးတက်ခဲ့သည်။ သို့သော် ယခုအခါ ဆည်တည်ဆောက်မှု ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ စိုက်ပျိုးရေး အတွက် ကောင်းမွန်သော ရေပေးဝေမှု စနစ်လိုအပ်သည်။<br><br>တပ်မတော်အစိုးရ လက်ထက်ကတည်းက တံတားများ ရှိနေသော်လည်း ဧရာဝတီတိုင်းတွင် သယ်ယူပို့ဆောင်ရေး၌ အခက်အခဲများစွာ ရှိနေဆဲ ဖြစ် သည်။ လမ်းများ တည်ဆောက်ရေးတွင် ကမ္ဘာ့ဘဏ်က အကူအညီ ပေးနိုင် မည်ဆိုပါက လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်မည် ဖြစ် သည်။ | |

| | | |
|---|---|---|
| | ပထမ ဦးစားပေးမှာ **ဘဏ္ဍာရေး** ဖြစ်သည်။ ငွေအရင်းအနှီး မရှိဘဲ မိမိတို့ စီးပွားရေးလုပ်ငန်းကို စတင်လုပ်ဆောင် နိုင်မည်မဟုတ်ချေ။ ဘဏ်စနစ် သည် နိုင်ငံတကာ စံနှုန်းများ လုပ်ထုံးလုပ်နည်းများ နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုး တက်ရန် လိုအပ်သည်။ ချေးငွေများ ထုတ်ချေးရန်အတွက် ကျေးလက် ဖွံ့ဖြိုး ရေးဘဏ်၊ ဆောက်လုပ်ရေးဘဏ်နှင့် စက်မှုလုပ်ငန်းဘဏ် တည်ထောင်ရန် လိုအပ်သည်။<br><br>စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုသည် ဒုတိယ ဦးစားပေးဖြစ်သည်။ ၂၀၁၀ ခုနှစ် စာရင်းဇယားများအရ တစ်နိုင်ငံလုံးတွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၂၆.၅% ရှိသော် လည်း ဧရာဝတီတိုင်းတွင် ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၃၂.၂% ရှိနေသည်။ ဧရာဝတီတိုင်းတွင် စိုက်ဧက ၅.၂ သန်းရှိသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက် ရေးအတွက် မျိုးစေ့၊ နည်းပညာနှင့် ရေလိုအပ်သည်။ | |
| | လူဦးရေ၏ ၇၀% သည် တောင်သူများ ဖြစ်သည့်အတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် မိမိတို့ ဦးစားပေးထားရှိသည်။ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ပါက ဆင်းရဲနွမ်းပါးမှု လျော့ကျသွားမည် ဖြစ်သည်။ စိုက်ပျိုးရေး တွင် အသုံးပြုရန် ခေတ်မီနည်းပညာနှင့် ကိရိယာများ လိုအပ်သည်။ ဥပမာ ရာသီဥတု ပြဿနာနှင့် ကြုံတွေ့ရသည့်အခါ မိမိတို့ ထုတ်ကုန်များအား အချိန်မီ သိုလှောင်သိမ်းဆည်းနိုင်သည့် ကိရိယာများ လိုအပ်သည်။ ဆည်မြောင်းစနစ် တိုးတက်အောင် လုပ်ဆောင်ရန် လိုအပ်သည်။ စိုက်ပျိုး ရေးနှင့် ငါးလုပ်ငန်းကဏ္ဍ တိုးတက်ရေးအတွက် ကာလတို နှင့် ကာလရှည် ချေးငွေများ ပံ့ပိုးပေးရန် လိုအပ်သည်။<br><br>သယ်ယူပို့ဆောင်ရေးသည် အလုံးစုံ ဖွံ့ဖြိုးတိုးတက်ရေး ( ပညာရေး၊ ကျန်းမာ ရေးနှင့် စီးပွားရေး တိုးတက်ရေး) အတွက် အဓိကအချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှုစနစ် တိုးတက်ခြင်းကြောင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။<br><br>တစ်နိုင်ငံလုံးအတွက် အလေးထားစရာ အချက် ၅ ချက်မှာ -<br>1. တောင်သူများ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု အရည်အချင်း<br>2. CSO များ၏ ဖွံ့ဖြိုးတိုးတက်မှု<br>3. အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု ( မြို့ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းဖွံ့ဖြိုး တိုးတက်ရေး၊ လျှပ်စစ်ဓာတ်အား၊ တံတားတည်ဆောက် ရေး၊ SME ဖွံ့ဖြိုးတိုးတက်ရေး)<br>4. နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်ရေး<br>5. ဂေဟစနစ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး | |

| | | |
|---|---|---|
| | **စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု :** ကမ္ဘာ့ဘဏ်သည် အောက်ပါ နယ်ပယ် ၅ ခုတွင် ထောက်ပံ့ပေးသင့်သည် --<br>1. တောင်သူများ၏ စိတ်နေစိတ်ထားအား ပြောင်းလဲပေးရန်<br>2. အရည်အသွေးကောင်း မျိုးစေ့များ ထောက်ပံ့ပေးရန်<br>3. စိုက်ပျိုးရေးဆိုင်ရာ အလေ့အထများ ပြောင်းလဲရေးကို သတိမူမိ စေရန် လှုပ်ရှားဆောင်ရွက်မှုတစ်ခု လုပ်ဆောင်ပေးရန်<br>4. စိုက်ပျိုးရေးကို စက်မှုလယ်ယာ အဖြစ်ကူးပြောင်းရန်<br>5. မြေယာ ရရှိရေး တိုးတက်အောင် ဆောင်ရွက်ရန်<br><br>**ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးသည်** လူသားအရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကကျသည်။ ထိုသို့လုပ်ဆောင်ရန်အတွက် အခြေခံအဆောက် အအုံ၊ ပစ္စည်းကိရိယာ၊ သင်ထောက်ကူ ပစ္စည်းများ လိုအပ်သည်။ ဆရာ ဆရာမများနှင့် သင်ရိုးညွှန်းတမ်းများ၏ အရည်အသွေး တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သည်။ | |